## (၁၃-၁၁-၂၀၂၀)မှ (၁၉-၁၁-၂၀၂၀)အထိ

## သကြားပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်တင်ပြခြင်း

၁။ ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.orgတွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ websiteတွင် ဖော်ပြချက်များအရ သကြားဖြူ(White Sugar) တစ်တန်လျှင်(၂-၁၁-၂၀၂၀) ရက်နေ့တွင် အမေရိကန်ဒေါ်လာ(၄၀၂.၄၅) ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး (၁၈-၁၁-၂၀၂၀) ရက်နေ့တွင် သကြားဖြူ (WhiteSugar)တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၄၁၁.၉၅) ဒေါ်လာဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 18-Nov-20 | 14.59 cts/lb | 14.05 cts/lb | 411.95 $/T | 18.69 cts/lb |
| 17-Nov-20 | 14.44 cts/lb | 13.98 cts/lb | 409.00 $/T | 18.55 cts/lb |
| 16-Nov-20 | 14.52 cts/lb | 13.95 cts/lb | 413.70 $/T | 18.77 cts/lb |
| 13-Nov-20 | 14.14 cts/lb | 13.91 cts/lb | 409.80 $/T | 18.59 cts/lb |
| 12-Nov-20 | 14.17 cts/lb | 13.91 cts/lb | 406.85 $/T | 18.45 cts/lb |
| 11-Nov-20 | 13.85 cts/lb | 13.90 cts/lb | 397.85 $/T | 18.05 cts/lb |
| 10-Nov-20 | 14.04 cts/lb | 13.92 cts/lb | 400.35 $/T | 18.16 cts/lb |
| 9-Nov-20 | 14.15 cts/lb | 13.91 cts/lb | 401.70 $/T | 18.22 cts/lb |
| 6-Nov-20 | 14.16 cts/lb | 13.90 cts/lb | 401.85 $/T | 18.23 cts/lb |
| 5-Nov-20 | 13.71 cts/lb | 13.89 cts/lb | 391.95 $/T | 17.78 cts/lb |
| 4-Nov-20 | 13.79 cts/lb | 13.90 cts/lb | 393.20 $/T | 17.84 cts/lb |
| 3-Nov-20 | 13.80 cts/lb | 13.89 cts/lb | 397.75 $/T | 18.04 cts/lb |
| 3-Nov-20 | 13.80 cts/lb | 13.89 cts/lb | 397.75 $/T | 18.04 cts/lb |
| 2-Nov-20 | 14.01 cts/lb | 13.87 cts/lb | 402.45 $/T | 18.25 cts/lb |

၂။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ တတိယအပတ်တွင် တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၈၂၉) ဒေါ်လာဖြစ်ပေါ်ခဲ့ပြီး၊ အမေရိကန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၃၀၆) ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ(၅၈၄-၆၀၆) ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် (၁) တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ (၄၄၂-၅၀၅) ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး ယခင်အပတ်နှင့်နှိုင်းယှဉ်ပါကတရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် သကြားဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ပြီး အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်း မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ တတိယအပတ်တွင် မြန်မာ-တရုတ်နယ်စပ်မူဆယ်ဒေသ၌ သကြား (၁)တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ (၃၄၇) ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြား(၁)တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ (၈၂၉) ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် (၁) တန်ပေါ်တွင် အမေရိကန်ဒေါ်လာ (၄၈၂) ဒေါ်လာ ဈေးနှုန်းကွာဟချက် ရှိပါသည်။ မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြား (၁) တန်လျှင် အမေရိကန်ဒေါ်လာ (၅၈၈) ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ (၁)တန်လျှင် အမေရိကန်ဒေါ်လာ (၇၂၃) ဝန်းကျင်ခန့်ရှိကြောင်း လေ့လာ သိရှိရပါသည်။

၄။ ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြား ၁ ပိဿာလျှင်(၁၉၀၀) ကျပ်နှင့် ရန်ကုန်မြို့တွင် သကြား ၁ ပိဿာလျှင် (၁၈၀၀) ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့နှင့် မကွေးမြို့တို့တွင် သကြား ၁ ပိဿာလျှင် (၁၁၀၀) ကျပ်၊ နေပြည်တော်နှင့် ပျဉ်းမနားမြို့တို့တွင် သကြား ၁ ပိဿာလျှင် (၁၀၀၀) ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

၅။ Trading Economics Website တွင်ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ တတိယပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများသည် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ၂.၄၁% ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။